# သာမန်ကာလ (၅)ကြိမ်မြောက်တနင်္ဂနွေ

ရှင်မာကူး ၁း၂၉ - ၃၉

ယနေ့ ဖတ်ရတဲ့ ပထမကျမ်းစာ ယောဘဝတ္ထုမှာ နတ်ဆိုးက ဖျက်ဆီးလို့ ဆင်းရဲဒုက္ခတွေ ခံနေရတဲ့ယောဘက သူခံစားချက်တွေကို ဘုရားထံဆုတောင်းရင်းနဲ့ ဘယ်လို ညီးတွားသလဲဆိုတော့ “လူတွေက မြေကြီးပေါ်မှာ ပင်ပန်းစွာ အလုပ်လုပ်ကိုင်နေရတယ်။ သူ့အသက်တာကလည်း လူငှားတစ်ယောက်ရဲ့နေ့ရက်တွေလိုပဲ နေရတယ်။ ကျွန်ခံရသူဟာ မိုးချုပ် အလုပ်သိမ်းချိန်ကို မျှော်နေရသလိုပဲ လူငှားက လုပ်အားခရမည့်အချိန်ကိုပဲ မျှော်ပြီး လုပ်နေရတယ်။ အဲဒီလိုပဲ နေ့မှာလည်း အလုပ်တွေ လုပ်နေရလို့ နေဝင်မိုးချုပ် အလုပ်သိမ်းချိန်ကို မျှော်နေရတယ်။ ညကျတော့လည်း အိပ်မပျော် ၊ ဘယ်အချိန်မိုးလင်းပြီး အလုပ်ဆက်ရမှာပါလိမ့်။ ” ဆိုပြီး လောကအသက်တာကို စိတ်ပျက်မိတယ်။ လောကကြီးမှာ အသက်ရှင်ရတာ တကယ်ပဲ အဲ့ဒီလို စိတ်ပျက်စရာကြီးပဲလား။ အသက်ရှင်ရတာ ဘာအဓိပ္ပါယ်မျှ မရှိတော့ဘူးလား။ စားဝတ်နေရေး ပြေလည်ဖို့ ပိုက်ဆံရှာရုံပဲလား။ မနက်မိုးလင်းလာရင် ပိုက်ဆံရှာ ထွက်မယ်။ ရတဲ့ပိုက်ဆံနဲ့ စားမယ်၊ ပြီးရင်အိပ်မယ်။ အိပ်ရာနိုးရင် ပိုက်ဆံရှာ ထွက်မယ်။ ရတဲ့ပိုက်ဆံနဲ့ စားမယ်၊ ပြီးရင်အိပ်မယ်။ ဒါနဲ့ပဲ ဘဝက ပြည့်စုံပြီလား။ လူ့ဘဝရဲ့ပြည့်စုံခြင်းက ဒါပဲလား။

လူ့ဘဝမှာ အသက်ရှင်နေထိုင်ရတဲ့ အဓိပ္ပါယ်က ဘာလဲဆိုတာကို ဘုရားက ဖော်ပြနေပါတယ်။ ဒါကို သိမှ သင်ဟာ လောကမှာ အဓိပ္ပါယ်ရှိရှိ ရည်ရွယ်ချက်ရှိရှိ အကျိုးရှိရှိ နေနိုင်မှာပါ။ အဲ့ဒီလို လောကမှာ အဓိပ္ပါယ်ရှိရှိ ရည်ရွယ်ချက်ရှိရှိ အကျိုးရှိရှိ ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်ချင်ရင် သခင်ယေဇူးနဲ့ ရှင်ပေါလူးတို့ရဲ့ ဘဝတွေကို အတုယူပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က သူတို့ရဲ့ဘဝတွေကို ဘုရားအလိုရှိတဲ့အတိုင်း၊ ဘုရားက ခေါ်တော်မူတဲ့အတိုင်း ပူဇော်အပ်နှံပြီး နေထိုင်တယ်။ ပျော်ပျော်ရွှင်ရွှင်နဲ့ မညီးမညူ နေထိုင်တယ်။ ကိုယ်နေထိုင်တဲ့ဘဝအသက်တာက ဘုရားက သင့်ကို ခေါ်တော်မူထားတဲ့အတိုင်း လူတွေကို ချစ်ခြင်းမေတ္တာထားပြီး နေထိုင်တယ်။ ထာဝရကောင်းကင်ဘုံကို မျှော်လင့်ပြီးနေထိုင်တယ်။ ဒါဆိုရင် သင့်ဘဝက အဓိပ္ပါယ်ရှိရှိ ရည်ရွယ်ချက်ရှိရှိ အကျိုးရှိရှိ ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်ပါလိမ့်မယ်။ ဥပမာ သင့်သားသမီးတွေကို ချစ်လို့ သင်က အလုပ်လုပ်နေရင် ပင်ပန်းတယ်လို့ မခံစားရတော့သလိုပဲပေါ့။

ဒါကြောင့် ဘဝမှာ အသက်ရှင်ရတာ ချစ်ခြင်းမေတ္တာထားပြီးရှင်မှ/ ဘုရားကို ယုံကြည်ပြီးရှင်မှ အဓိပ္ပါယ်ရှိမှာပါ။ ရှင်ပေါလူးရဲ့ဘဝကို ကြည့်ပါ့လား။ ဘုရားက သူ့ကို ဖော်ပြထားတဲ့ ဘုရားတရားအကြောင်းတွေကို သူက သူတပါးတွေကို မဟောပြောဘူးဆိုရင် သူ့မှာ အမင်္ဂလာကို ဖြစ်မှာ ။ သူ့ခံစားသိရှိရတဲ့ဘုရားအကြောင်းတွေကို ဟောပြောပေးဖို့ သူ့မှာ ဘုရားပေးတာဝန်ရှိတယ်လို့ ဒုတိယကျမ်းစာထဲမှာ သူရေးထားခဲ့ပါတယ်။ ဒါကြောင့် သူ့ဘဝမှာ တွေဝေစရာ၊ စိတ်ပျက်စရာမရှိ ဝမ်းသာအားရနဲ့ ဘဝကို လျှောက်လှမ်းနိုင်တယ်။ သူ့မှာ ဒီဘဝအသက်ရှင်ရတာ အဓိပ္ပါယ်တယ်။ ရည်မှန်းချက်ရှိတယ်။ ဒါကြောင့် သူ တက်တက်ကြွကြွနဲ့ စိတ်အားထက်သန်စွာ အသက်ရှင်လှုပ်ရှားနိုင်တာပေါ့။

သခင်ယေရှုဘဝကိုလည်း ကြည့်ပါ။ သခင်ယေရှုထံမှာ လူနာတွေအများကြီးက လာရောက်ပြီး ကုသမှုခံယူကြတယ်။ ဒီလောက် အလုပ်ရှုပ်တာတောင် နောက်တစ်နေ့ မနက် မိုးမလင်းမီအချိန်မှာ တစ်ပါးတည်း လူသူကင်းဝေးရာအရပ်သို့ ကြွသွားပြီး ဆုတောင်းတယ် တဲ့။ တပည့်တော်ကြီးတွေက သခင်ယေရှုကို လိုက်ရှာလို့ တွေ့တဲ့အခါ "လူတွေက ကိုယ်တော့်ကို လိုက်ရှာနေကြပါတယ်" လို့ လျှောက်ထားကြတဲ့အခါ သခင်ယေရှုက "အနီးပတ်ဝန်းကျင်မြို့ရွာများသို့ သွားကြစို့။ ထိုနေရာများတွင်လည်း သတင်းကောင်းကို ငါဟောကြားရမည်။ ဤအကြောင်းကြောင့် ငါလာခြင်းဖြစ်တယ်" လို့ မိန့်တော်မူပါတယ်။ ဒီရွာ ဒီနေရာမှာ သက်တောင့်သက်သာ အလုပ်ဖြစ်နေရဲ့သားနဲ့ ဘာကြောင့် တစ်ခြားနေရာတွေကို လှည့်လည်ချင်ရတာလဲ။ သခင်ယေရှုကို ဘုရားပေးတာဝန်က နေရာတိုင်းမှာ သတင်းကောင်း ဟောပြောဖို့ ဖြစ်တယ်။ ဒါကိုပဲ ရည်ရွယ်ချက်ထားတယ်။ ဒါကြောင့် သူ့ဘဝမှာလည်း အသက်ရှင်နေထိုင်ရတာ အဓိပ္ပါယ်ရှိတယ်၊ ရည်မှန်းချက်ရှိတယ်။ အဓိပ္ပါယ်ရှိတဲ့ဘဝ၊ ရည်မှန်းချက်ရှိတဲ့ဘဝဖြစ်လို့ ဘာဒုက္ခပဲကြုံကြုံ မမှုဘူး။ စွန့်စားနိုင်တယ်။ နိုင်ငံခြားက လာရောက် သာသနာပြုတဲ့ သာသနာပြုဘုန်းတော်ကြီးတွေလိုပေ့ါ။ သူတို့မှာ ဗမာစကားလည်း မတတ်ဘူး။ အစားအသောက်လည်း မတူဘူး။ သူတို့ ယဉ်ကျေးမှုနဲ့လည်း မကိုက်ညီဘူး။ ကျနော်တို့လို ဆင်းရဲတဲ့နိုင်ငံမှာ လာနေနိုင်တယ်ဆိုတာက သူတို့မှာ ရည်ရွယ်ချက်ရှိတယ်။ ဘုရားကို ချစ်တဲ့စိတ်နဲ့ ဆက်ကပ်ပြီး သာသနာပြုနေလို့ ဘာမှ ခက်တယ်ရယ်လို့ မအောင်းမေ့တော့ဘူး။ သူတို့ရဲ့ အိမ်ယာ၊ သူတို့ရဲ့နိုင်ငံ ၊ သူတို့ရဲ့ ဆွေမျိုးသားချင်း ခင်မင်ရသူတွေကို ခွဲခွါပြီး သာသနာပြုနိုင်ကြတာပါ။

ကောင်းမွန်စွာ အသက်ရှင်နေထိုင်နိုင်ဖို့ဆိုရင် သင်နေထိုင်အသက်ရှင်တဲ့ဘဝဟာ အဓိပ္ပါယ်ရှိရမယ်။ သာမန်ရိုးရိုးလေးပဲ အလုပ်လုပ်မယ်၊ စားမယ်၊ အိပ်မယ်ဆိုတဲ့ ရှင်သန်ရတဲ့ အဓိပ္ပါယ်ထက် ပိုတဲ့ အဆင့်မြင့်တဲ့အဓိပ္ပါယ် ရှိရပါမယ်။ ဒါကြောင့် တပည့်တော်ကြီးတွေက အရာရာကို စွန့်လွှတ်ခဲ့ပြီး ဘုရားခေါ်တော်မူတဲ့၊ အဓိပ္ပါယ်ရှိတဲ့ဘဝကို လျှောက်လှမ်းနိုင်ကြတာပါ။ ဘုရားက ခေါ်တော်မူတဲ့အတိုင်း နေထိုင်တဲ့လူက သာမန် ကိုယ့်စီးပွါးရေးကို ကိုယ်လုပ်နေတဲ့အလုပ်နဲ့ ကွာခြားပါတယ်။ ကိုယ့်အတွက် ဘာမျှ အကျိုးအမြတ် မရည်စူးပါဘူး။ ပေးဆပ်တဲ့ဘဝနဲ့ နေထိုင်တယ်။ တာဝန်အရလုပ်နေတဲ့ဘဝတွေလည်း မဟုတ်ပါဘူး။ ဥပမာ ပရဟိတလုပ်နေတဲ့လူတွေလိုပေ့ါ။ အများကောင်းကျိုးကို လုပ်နေတဲ့သူတွေဆိုတာ ဘုရားက သူတို့ စိတ်နှလုံးသားထဲကနေ သူတို့ကို ခေါ်တော်မူထားတာပါ။ ဒါကြောင့် ကိုယ်ကျိုးကို စွန့်ပြီး အများကောင်းကျိုးကို လုပ်ဆောင်နိုင်ကြပါတယ်။

ဒီလို လုပ်ဆောင်နိုင်တာကလည်း သူတို့ကိုယ်တိုင်က ဘုရားချစ်တာကို ခံစားရလို့ပါ၊ သူတို့ကလည်း သူတပါးကို ချစ်ချင်ကြတာပါ။ ဘုရားဆီက ကျေးဇူးတော် ခံစားရလို့ ဘုရားကို/ သူတပါးကို ကျေးဇူးတင်တတ်တဲ့သူတွေဖြစ်လို့ သူတပါးကို ကျေးဇူးပြုချင်စိတ် ပေါ်လာလို့ ကိုယ်ကျိုးစွန့် လုပ်ဆောင်နိုင်တာပါ။ ယနေ့ဖတ်ရတဲ့ ရှင်မာကူးကျမ်းစာမှာ စီမုန်ရဲ့ ယောက္ခမလို ပေ့ါ။ ဘုရားက သူ့ကို ချစ်ပြီး တန်ခိုးတော်နဲ့ ကုသပေးလိုက်လို့ / ကျေးဇူးပြုတာခံစားရလို့ သူကိုယ်တိုင်ကလည်း သခင်ယေရှုနဲ့ တပည့်တော်ကြီးများအဖွဲ့ကို ချက်ချင်းပဲ ဧည့်ဝတ်ပြုနိုင်ပါတယ်။ တစ်ချို့လူတွေက

ဘာဖြစ်လို့ သူတပါးတွေကို ချစ်ပြီး ဧည့်ဝတ်မပြုချင်တာလဲဆိုတော့ သူတို့ကိုယ်တိုင်က ကျေးဇူးသိတတ်တဲ့စိတ် မရှိကြလို့ပါပဲ။

ကိုယ့်မှာလည်း ကိုယ့်ဒုက္ခကိုယ် ရှိနေရဲ့သားနဲ့ ကိုယ့်ဒုက္ခကို မေ့ထားပြီးတော့ ဒုက္ခရောက်နေသူကို ကူညီနိုင်တဲ့ခွန်အားက ဘယ်လိုရတာလဲ။ ကိုယ့်အတွင်းမှာရှိတဲ့ ဒုက္ခ၊ ပြဿနာတွေကို ကျော်ပြီး အပြင်ကို မြင်တတ်တဲ့အသိစိတ်ကြောင့်ပါပဲ။ ဒါဟာ ကျနော်တို့ ဘဝရှင်သန်ရာမှာ စိန်ခေါ်ချက်တွေပါပဲ။ ဒီစိန်ခေါ်ချက်တွေကို ရင်ဆိုင်ကျော်လွှားရင်းနဲ့ ကိုယ့်ဘဝဟာ ပိုပြီး အဓိပ္ပါယ်ရှိလာစေပါတယ်။ ယနေ့ ဖတ်ရတဲ့ကျမ်းစာတွေအတိုင်း ယေဇူးဘုရားရှင်နဲ့ ရှင်ပေါလူးတို့ရဲ့ ဘဝအသက်ရှင်ပုံတွေကို အတုယူပြီး ကျနော်တို့ ဘဝတွေကို အဓိပ္ပါယ်ရှိတဲ့ဘဝ၊ ရည်မှန်းချက်ရှိတဲ့ဘဝ၊ ဝမ်းသာအားရ တက်တက်ကြွကြွနဲ့ အသက်ရှင်ချင်တဲ့ဘဝတွေဖြစ်အောင် ကြိုးစားကြပါစို့။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့် ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။